ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန


# အကောက်ခွန်သတင်းလွှာ


အတွဲ ၃ ၊ အမှတ် ၃ ၂၀၁၇ ခုနှစ် ၊ ဒီဇင်ဘာလ ၁ ရက်


## MACCS စနစ်အသုံးပြု၍ National Single Window အကောင်အထည်ဖော်ရန်နှင့် အကောက်ခွန် ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် JICA မှ နည်းပညာများပံ့ပိုးပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်မှုစီမံချက် (3rd JCC Meeting) တတိယအကြိမ်ပူးပေါင်းညှိနှိုင်းကော်မတီ အစည်းအဝေးကျင်းပခြင်း



MACCS စနစ်အသုံးပြု၍ National Single Window အကောင်အထည်ဖော်ရန်နှင့် အကောက်ခွန် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရန် JICA မှ နည်းပညာများပံ့ပိုးပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်မှုစီမံချက် (3rd JCC Meeting) တတိယအကြိမ်ပူးပေါင်းညှိနှိုင်းကော်မတီ အစည်းအဝေးအား ၂၀၁၇ ခုနှစ် ၊ နိုဝင်ဘာလ (၁၇) ရက်နေ့၌ အကောက်ခွန်ဦးစီးဌာန ၊ ဇေယျာသီဟာခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးသည် MACCS စနစ်အသုံးပြု၍ လုပ်ငန်းဆောင်ရွက်ခဲ့သည့် (၆) လအတွင်း အားနည်းချက် ၊ အားသာချက်များ ၊ ကြုံတွေ့ရသည့်အခက်အခဲများအား ပူးပေါင်းအဖြေရှာဖြေရှင်းရန်နှင့် ရှေ့ (၆) လ ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များအား ညှိနှိုင်းအတည်ပြုဆွေးနွေးရန် ရည်ရွယ်၍ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

အစည်းအဝေးကို အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် JICA မှ တာဝန်ရှိပုဂ္ဂိုလ်များ ၊ စုစုပေါင်း (၃၇) ဦး တက်ရောက်ခဲ့ကြပါသည်။

# ၂၅ ကြိမ်မြောက် အာဆီယံကုန်ပစ္စည်းကုန်သွယ်မှု သဘောတူညီချက် အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းမှုကော်မတီအစည်းအဝေး ကျင်းပခြင်း




၂၅ ကြိမ်မြောက် အာဆီယံကုန်ပစ္စည်းကုန်သွယ်မှု သဘောတူညီချက် အကောင်အထည်ဖော်ရေးဆိုင်ရာ ကော်မတီ ညှိနှိုင်းအစည်းအဝေး (25th Coordinating Committee on Implementation of ATIGA-CCA) ကို ၂၀၁၇ ခုနှစ် ၊ နိုဝင်ဘာလ (၂၀) ရက်နေ့မှ (၂၄) ရက်နေ့အထိ နေပြည်တော် ၊ Grand Amara Hotel ၊ အင်းဝခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးသည် အာဆီယံကုန်ပစ္စည်းကုန်သွယ်မှု သဘောတူညီချက် အကောင်အထည်ဖော်ရေးဆိုင်ရာ ရည်ရွယ်ချက်ဖြင့်ကျင်းပခဲ့ပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံး အပါအဝင် အာဆီယံ နိုင်ငံပေါင်း (၁၀) နိုင်ငံ မှ ကိုယ်စားလှယ် (၆၄) ဦးတက်ရောက်ခဲ့ကြပါသည်။

# ဝန်ထမ်းထုလစဉ် ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း မှ သြဝါဒစကားပြောကြားခြင်း



ဦးစီးဌာနအဆင့် ဌာနအကြီးအကဲ နှင့် ဝန်ထမ်းထုလစဉ် ပုံမှန်ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားကို ၂၀၁၇ ခုနှစ် ၊ ဩဂုတ်လ (၈) ရက်နေ့ နံနက် (၈:၀၀) အချိန်တွင် ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ဇေယျာသီဟခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်းမှ အကောက်ခွန်ဝန်ထမ်းများအား သြဝါဒစကားပြောကြားခဲ့ပြီး အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အရာထမ်း နှင့် အမှုထမ်း စုစုပေါင်း (၂၀၀) ဦး တက်ရောက်ခဲ့ကြပါသည်။

# World Customs Organization–Regional Intelligence Liaison Office (WCO RILO-AP ) ဖွဲ့စည်းခြင်း နှစ် (၃၀) မြောက် အခမ်းအနားကျင်းပခြင်း




World Customs Organization–Regional Intelligence Liaison Office (WCO RILO-AP) ဖွဲ့စည်းခြင်း နှစ် (၃၀) မြောက် အခမ်းအနားကို ၂၀၁၇ ခုနှစ် ၊ နိုဝင်ဘာလ (၆) ရက်နေ့တွင် တောင်ကိုရီးယားနိုင်ငံ ၊ ဆိုလ်းမြို့ရှိ Imperial Palace Hotel ၌ ကျင်းပပြုလုပ်ခဲ့ရာ အကောက်ခွန် ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်မြင့် နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းလွင် တို့တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားကို အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများမှ အဖွဲ့ဝင် ကိုယ်စားလှယ်ပေါင်း (၁၂၀) ဦးတက်ရောက်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၂၈၂၄.၇၀၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ (၁) ရက်နေ့ မှ (၃၀) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှု မှာ (၃၈၈) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၂၈၂၄.၇၀၄) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်





လေဆိပ်တားဆီးမှု အနေဖြင့် တားဆီးမှု (၁၀) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၈၀.၈၀၀) သန်းခန့် ရှိသည့်အနက် ၂၈-၁၁-၂၀၁၇ ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ စင်ကာပူနိုင်ငံမှ ရန်ကုန် သို့ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားခရီးသည်ထံမှ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသော iPhone X (256GB) , C/O China, (28) Units ၊ စုစုပေါင်းခန့်မှန်း တန်ဖိုးကျပ် (၅၆) သန်းခန့်အားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၂၈၂၄.၇၀၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း






ဆိပ်ကမ်းတားဆီးမှုအနေဖြင့် တားဆီးမှု (၃) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၇၇.၅၇၀) သန်းခန့်ရှိသည့် အနက် ၂၄-၁၁-၂၀၁၇ ရက်နေ့တွင် AWPT ဆိပ်ကမ်း၌ Ever Winning Trading Co., Ltd တင်သွင်းလာသော Ceramic Wall Tiles (200 x300 mm) , Golden World Brand (3618.4 m$^2$) , Ceramic Wall Tiles (300 x300 mm) Golden World Brand (4380.52 m$^2$) အား အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင်ကြေညာထားသည်ထက် ပိုမိုပါရှိလာသဖြင့် ခန့်မှန်းတန်ဖိုးကျပ် (၃၉.၉၉၁) သန်းခန့်အားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၂၈၂၄.၇၀၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း






နယ်မြေတားဆီးမှုအနေဖြင့် တားဆီးမှု (၃၇၅) မှုရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာကျပ် (၂၆၆၆.၂၅၄) သန်းခန့်ရှိသည့်အနက် ၂၃-၁၁-၂၀၁၇ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ဒု-တိုင်းဦးစီးမှူး ဦးဆောင်သော အင်အား (၁၂) ဦးဖြင့် ဘုရားကြီးမြို့နှင့် ဝေါမြို့လမ်းကြောင်းပေါ်တွင် ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် NISSAN CONDOR TRUCK ယာဉ် (၁) စီးအား တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော မော်တော်ယာဉ် အင်ဂျင်နှင့် ဆက်စပ်ပစ္စည်း (၈၅) မျိုး နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၈၆.၄၃၀) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၂၈၂၄.၇၀၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားဖမ်းဆီးမှု**




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၉-၁၁-၂၀၁၇ ရက်နေ့တွင် မန္တလေးမြို့ နှင့် မူဆယ်မြို့များသို့သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်သို့သွားရောက်မည့် Chang Long ယာဉ် (၂) စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ မိုးကာဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခါးရွေသစ် (၁၇၄) တုံး (၂၆.၉၀၁၈) တန် နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ် (၂) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၈၀၁.၇၀၅) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၂၈၂၄.၇၀၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု





ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၃-၁၁-၂၀၁၇ ရက်နေ့တွင် ရန်ကုန်သို့ သွားရောက်မည့် NISSAN (၂၂) ဘီးယာဉ် (၁) စီးအား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် (12W) UD Head Without Engine Without Frame (2) U, (12W) Hino Head Without Engine Without Frame (1) U, Car Axle with Crown (3) U, Car Front Axle (3) U နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ်(၃၈.၂၅၀) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ နိဝင်ဘာလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၃ မှု | ၃ မှု | ၁၁၀.၈၉၂ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | ၄ မှု | ၄ မှု | ၁၀.၀၅၀ သန်း |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၂၇ မှု | ၂၇ မှု | ၁၀၆.၄၈၂ သန်း |
| | စုစုပေါင်း | - | ၃၄ မှု | ၃၄ မှု | ၂၂၇.၄၂၄ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၇) ရက်နေ့ မှ (၃၀-၁၁-၂၀၁၇) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၁၉၄) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း(၂၄၁၆.၅၄၄) သန်းခန့်အား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ




Baby Powder များတင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ HS Code မှာ 3304.90.00 ဖြစ်ပြီး အကောက်ခွန် 20% ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။




Baby Fever Patch (Cooling Pad) များတင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်လိုအပ်ကြောင်း ၊ HS Code မှာ 3006.70.00 ဖြစ်ပြီး အကောက်ခွန် 1.5% ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြား ခဲ့ပါသည်။



Frozen Beef (Boneless) များ တင်ပို့လိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 0202.30.00 ဖြစ်ပြီး အကောက်ခွန် 15% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။



Soya Meal များ တင်သွင်း လိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ ၊ HS Code မှာ 2304.00.90 ဖြစ်ပြီး အကောက်ခွန် 1.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Laboratory Sterilisers များ တင်သွင်းလိုပါသဖြင့် Hs Code နှင့် Duty Rate အား မေးမြန်းရာ HS Code မှာ 8419.20.00 ဖြစ်ပြီး အကောက်ခွန် 1.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ ပါသည်။






Activated Carbon များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 3802.10.00 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

Optical Cables များ တင်သွင်း လိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8544.70.90 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ ပါသည်။




Battery တင်သွင်းရာတွင်လိုအပ်မည့် စာရွက်စာတမ်းများအား မေးမြန်းရာ Battery သည် Non Licence ဖြစ်သဖြင့် ကုမ္ပဏီ Latter Head ဖြင့် Non-Licence ဖြစ်ကြောင်းဝန်ခံချက် ၊ Invoice ၊ Packing List ၊ B/L ၊ D/O နှင့် ကုမ္ပဏီ မှတ်ပုံတင် စသည့် စာရွက်စာတမ်းများ လိုအပ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။